
www.burmeseclassic.com

# ပန်းချီကဏ္ဍသစ်

## MODERN ART

မော်ဒန်အတ်(ခေတ်ပန်းချီ)



ပန်းချီကို မြတ်နိုးကြသော၊ စိတ်ဝင်စားကြသော၊ အားပေးကြသော ပုဂ္ဂိုလ်များနှင့်၊ အထူးလေ့လာလိုက်စားလိုကြသောသူများအတွက်၊ မေတ္တာဖြင့် ဝေငှအပ်ပါသည်။

စောင်ရေ (၅၀) သာ ထုတ်ဝေပါသည်။

မန္တလေးမြို့ အလင်းရောင် စာပုံနှိပ်နှင့်
ဘလောက်တိုက်မှာ ပြုလုပ်ရိုက်နှိပ်သည်။

ဤစာစောင်ပြုစုရာတွင် မန္တလေးမြို့ အမေရိကန်ပြန်ကြားရေးဌာနမှ “အရပ်သားများ နားလည်ရန် ခေတ်ပန်းချီ” စာအုပ်နှင့် အခြားပန်းချီစာအုပ်များ ငှါးရမ်းခြင်းကိုလည်းကောင်း၊ အင်္ဂလန်ပြည်မှ ထုတ်ဝေသော “ပန်းချီဆရာ”နှင့် “ပန်းချီခမ်း” မဂ္ဂဇင်းများတွင် ပါဝင်သော ဆောင်းပါးများကိုလည်းကောင်း၊ ဤစာစောင်တွင် ပါရှိသော ဆေးရောင်စုံ ပန်းချီကားငယ်အချို့ကို ကူညီရေးဆွဲပေးကြသော ပန်းချီဆရာများကို လည်းကောင်း၊ အထူးသဖြင့် ဤစာစောင်ရိုက်နှိပ်ရာတွင် တပါတည်း ပါနိုင်ရန် တစ်ကြောင်းဆွဲပန်းချီ ပြရုပ်များကို စိတ်အားထက်သန်စွာ ရေးဆွဲကူညီသော ကိုပေါ်ဦးသက်အားလည်းကောင်း များစွာကျေးဇူးတင်ပါကြောင်း။

**ACKNOWLEDGMENTS**

The author wishes to make acknowledgment to The U.S. I.S. Mandalay for the loan of "Layman's Guide to Modern Art" amongst other art books, to the publishers of "ARTIST", and "STUDIO" magazines from U.K., for the artiales of contemporary arts and crafts, and to the artists who have contributed hand paintings, especially to Mr. Paw Oo Thet who has ardently drawn necessary illustrations on wax papers for the parpose of duplication.

www.burmeseclassic.com

# ပန်းချီကဏ္ဍသစ်

## ခေတ်ပန်းချီ-သို့မဟုတ်-မော်ဒန်အတ်

**The New Decade and Modern Art**

**Questionnaires** -စောဒက

မေး - မော်ဒန်ပန်းချီကားတချို့ကြည့်ရတာ ကလေးတစ်ယောက် ရေးဆွဲသလိုပဲ လူတိုင်း ဝင်ရေးပြီး မော်ဒန်ဆိုရင် ဘယ်လိုလဲ ?

ဖြေ - ထင်သလို မဟုတ်ပါ။ အခု ရေးကြည့်ပေါ့။ ဖြစ် မဖြစ် ကိုယ်စောင့်နတ်က ပြောပါလိမ့်မယ်။

မေး - အဲဒီပန်းချီဆရာတွေဟာ Classic ဆိုတဲ့ သင်ရိုးပန်းချီတတ်ကဲ့လား ?

ဖြေ - ယနေ့အထိ တွေ့ရသလောက်မှာ သူတို့ဟာ စိတ်ကူးပေါက်သလို လျှောက်ရေးနေပေမဲ့ သူတို့အလုပ်ရင်းက တချို့ပန်းချီကောလိပ်အနုပညာကျောင်းတွေမှာ ပရော်ဖက်ဆာကြီးတွေနဲ့ ဆရာတွေဖြစ်ကြောင်း တွေ့ရပါတယ်။ အစစ်အမှန်ရေးနည်း။ သင်ပြီး။ တတ်ပြီးဟု ထင်ပါသည်။

မေး - သင်ရိုးမလိုက်ဘဲ မော်ဒန်ကို စရေးရင်ကော ဖြစ်နိုင်မလား ?

ဖြေ - မော်ဒန်ဆိုတဲ့အဆင့်ဟာ လှေကားထစ်လို တက်လာတဲ့အထစ်လို့ နားလည်ပါတယ်။ လှေကားတော့ ကျော်တက်ရင်လည်း ရောက်နိုင်ပါတယ်။ ဝါးလုံးထောက်ခုန်ရင်လည်း ရောက်နိုင်ပါတယ်။ Picasso - Matisse - Gauguin - Van Gogh - Dufy စတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ ပထမစတဲ့လက်ရာများကို ကြည့်ပါ။ Realism ဆိုတဲ့သဘာဝအတိုင်း အစစ်အမှန်ရေးနည်းက စတယ်။ နောက်မှ မိမိပါရမီထူးရှိသလို ဝိဇ္ဇာထိုကြတာဘဲ။ သူတို့အကြောင်း မသိတဲ့သူကတော့ ကလေးရေးဆွဲတာနဲ့ မထူးဘူးပြောကြမှာပေါ့။

မေး - ဒီအတိုင်းရိုးရိုးရေးဆွဲလဲပြီးတာပဲ။ ဘာလို့သူများနားမလည်တဲ့ တောင်ခြစ် မြောက်ခြစ်လို ဒါမျိုးတွေ စိတ်ကူးပေါက်ရတာလဲ ?

ဖြေ - သူတို့ကျတော့ Physical Plane ဆိုတဲ့ ကိုယ်တွေ့ခံစားမှုတွေကို ငြီးငွေ့ပြီဖြစ်သဖြင့် Mental Plane ဆိုတဲ့ စိတ်ကူးယဉ်နယ်ထဲမှာသာ ကျက်စားချင်ပြီ။ Expressionism ကို ဖတ်ကြည့်ပါ။ အထူးသဖြင့် "ဝါရင့်" လာလျှင်၊ အတွေ့အကြုံများလာလျှင်၊ အိုလာလျှင်၊ ဥပမာ-ဗုဒ္ဓဘာသာလူမျိုးများတွင် အသက် ၅၀-ကျော်- ၆၀ ခန့်ရှိလျှင် တရားဘက် မွေ့လျော်စပြုကြသည်။ မှတ်တတ်သော ၁၀ နှစ်သားမှစ၍ အသက် ၅၀ အထိ တွေ့ကြုံ၊ ဆုံကွဲ၊ ချမ်းသာ၊ ဆင်းရဲ ထပ်တလဲလဲများကို ငြီးငွေ့ပြီဖြစ်သဖြင့်၊ လောကုတ္တရာနယ်ဖြစ်တဲ့ နာမ် - စိတ် - စေတသိတ် - မဂ် - ဖိုလ် ဆိုတဲ့ Mental Plane သို့ ကူးပြောင်းသည်။ သို့သော် ယခု ပန်းချီမှာ လောကီကိစ္စဖြစ်သည်။ ခရီးသွားပုံခြင်း တူသဖြင့်သာ၊ ဥပမာပေးခြင်းဖြစ်သည်။ ဦးတည်ပုံခြင်းတော့ မတူ။

မေး - မော်ဒန်အတ်လိုက်ချင်လျှင် ဘာက စရေးရမလဲ ?

ဖြေ - မီးခြစ်ဘူးကို တူအောင် အရင်ရေးကြည့်ပါဦး။ အဆန်းဆုံး ရေးချင်ရင်၊ အရိုးဆုံး ရှာကြည့်ပေါ့။ အယိုင်ကို မရေးခင် တည့်မတ်တာကို ရေးကြည့်။ ဆိုလိုရင်းမှာ- ကိုယ်ရေးတာဟာ "Hit" လိုရင်း ရောက်မရောက် သိအောင်ပါပဲ။ ရိစရာဆိုပြီး ပြက်လုံးထုတ်တာ မရီရလျှင် ပြက်လုံး မဟုတ်ပါ။


× × × × × × × ×

**Truth Vs Distortion**


**အမှားနှင့်အမှန်** ဘယ်လိုဆုံးဖြတ်ပါမည်လဲ ?

ပုံအမှတ် (က) နှင့် (ခ) တွင် မည်သည့်ပုံကို မှန်သည်ဟု ဆုံးဖြတ်ပါမည်လဲ ?

(က)



(ခ)



(ဂ)



ပုံအမှတ် (ခ)သည် အမြင်အတိုင်း အနီးအဝေးစနစ်အရ ရေးဆွဲထားသဖြင့် မှန်ကန်သည်ဟု ဖြေဆိုရပေမည်။ (ခ) ပုံမှန်လျှင် (က) ပုံ အမှားဖြစ်ရမည်။

(က) ပုံမှာလည်း လေးဘက်ညီအစစ်ဖြစ်သဖြင့် မှားသည်ဟု မဆိုနိုင်ချေ။ ကျွန်ုပ်တို့ "အမြင်" သာလျှင် အနီးအဝေးအရ တစ်ဘက်ကျဉ်း တစ်ဘက်ကျယ် မြင်ရသဖြင့်၊ "အမြင်" ပင်လျှင် လေးဘက်ညီစားပွဲပုံကို ရုပ်ပျက်ဆင်းပျက် ဖြစ်စေသည်။ သို့ဖြစ်၍ အမှားအမှန်ဆိုသည်မှာ လိုရာဒေါင့်အမျိုးမျိုးမှ ဆွဲယူနိုင်ပေသည်။

ပုံအမှတ် (ဂ)သည် အမှန်နှင့်အမှား သို့မဟုတ် အကောင်းနှင့်အဆိုး အဘယ်ကို မူတည်၍ ဆုံးဖြတ်ပါမည်နည်း။

# MODERN ART

## မော်ဒန်အတ် - ခေတ်ပန်းချီ

မော်ဒန်အတ်ကို လေ့လာရသည်မှာ ဘဲဥအစရှာရသလို ဖြစ်နေသည်။ ယင်းပန်းချီကားများသည် ဒုတိယကမ္ဘာစစ် နောက်ပိုင်းတွင် ဆက်တိုက်ထွက်လာသည်။ ၎င်းတို့၏ပုံပန်းကြည့်ရသည်မှာ လူတိုင်းအဖို့ အဆန်း ဖြစ်နေသည်။ ထူးခြားနေသဖြင့် စိတ်ဝင်စားကြသည်။ နောက်ဆုံး ကြံရာမရသဖြင့် လက်လျှော့လိုက်ရသည်။


သာမန်လူများ မဆိုထားဘိ။ ပန်းချီဆရာများကလည်း နှာခေါင်းရှုံ့ကြသည်။ "အရူးချေးပန်း ပန်းချီ" ဟု အမည်ပေးကြသည်။ မဆိုးလှပေ။ လူတကာလုပ်ရိုးလုပ်စဉ်ထက် ထူးခြားသော အပြုအမူရှိသူတို့ကို အရူးဟု ခေါ်ခဲ့ ကြသည်။ အင်္ဂလန်ပြည်ရှိ တော်ဝင်ပန်းချီအသင်း Royal Academy ဥက္ကဋ္ဌ Sir. Gerald F. Kelly, P.R.A., က "တိုတိုပြောရလျှင် မော်ဒန်အတ်ဆိုတာ အဓိပ္ပာယ်မရှိပါဘူး"ဟု ခနဲ့သည်။ ၎င်းအဖို့ မှန်ပေမည်။ မလေ့လာလျှင် မရိပ်စား နိုင်ချေ။

## အရူးကောင်း

စာပေရူး၊ ဗေဒင်ရူး၊ ပန်းချီရူး စသော ပညတ်များကိုလည်း ပြန်လည် သုံးသပ်သင့်သည်။ ပညာတစ်ရပ် ကို သူမတူ လိုက်စားသူကို "ရူး" စကားတစ်လုံးတပ်ကြသည်။ ဤနေရာတွင် အကောင်းသဘော၊ အမှန်သဘောကို ဖော်ပြဟန် ရှိသည်။ အဆိုးသဘော မဟုတ်ပေ။

မည်သို့ဖြစ်စေ၊ မော်ဒန်အတ်ပေါ်လာပုံမှာ တခမ်းတနား ရှိလှသည်။ ကမ္ဘာ့ထိပ်တန်းပြတိုက်ကြီးများက အရေးတယူ ဆွဲချိတ်ပြသထားကြပြီ။ ကုလသမဂ္ဂ အစည်းအဝေးခမ်းမကြီးတွင် ကမ္ဘာကျော် မော်ဒန်ဆရာကြီးများ၏ မော်ဒန်ပန်းချီကားများကိုသာ ချယ်လှယ်ကြသည်။ မည်သည့်တိုင်းတွင်မဆို ယခုဆောက်တည်ဆဲ၊ အဆောက်အဦကြီး များတွင် မော်ဒန်ပန်းချီကိုသာ ဦးစားပေးနေကြပြီ။ ကျွန်ုပ်တို့ မြန်မာနိုင်ငံမှ ပန်းချီဆရာများလည်း ငိုက်မည်းနေခြင်းကို စွန့်လွှတ်သင့်ပြီ။

"အရူးချေးပန်း" ကိစ္စသည် အကသဘင်တွင်လည်း ထိုးဖောက်လာသည်။ Rock N. Roll ကနည်းကို ခေတ်သစ်လူငယ်များတိုင်း သဘောတွေ့ကြသည်။ ရှေးလူကြီးများအဖို့ များစွာမျက်စိနောက်စေသည်။



ထိုတွင်မကသေး အတီးအမှုတ်သဘင်တွင် JAZZ => တီးမှုတ်နည်းဟု ဟန်တစ်မျိုးရှိသေးသည်။ ဓာတ်ခွဲကြည့်လျှင်- အယိုင်သဘော၊ အဆုတ်သဘော၊ ငြိမ်သက်နေသော လူ၏အတွင်းစိတ်ဓာတ်ကို လှုံ့ဆော်ပေးနိုင်သော "အား" များ ပါရှိသည်။ မန္တလေး မြို့မှ "အောင်ပင်လယ်ဒိုး" တီးဝိုင်းမှာ ၎င်းသဘောပါသည်။ ခြင်းခတ်ရာတွင်လည်း "အယိုင်" ခတ်ဟု တစ်မျိုးတစ်ဖုံ ဆန်းလာပြန်သည်။ ဆိုလိုသည်မှာ အများလက်ခံပြီးသော ရှေးမူ အရိုးသဘောမှ အဆန်းဖြစ်သော "အယိုင်" သို့ ပြောင်းလဲခြင်း ဖြစ်ပါသည်။


www.burmeseclassic.com

အပြင်ရုပ်သည် - **အစစ်အမှန်မဟုတ်။**

အမှန်ကို သာမန်မျက်စိနှင့် မမြင်နိုင်ဟုဆိုသည်။ ဝတ္ထုရုပ်တစ်ခု ဖြစ်ပျက်နေပုံကို ယခုခေတ်တွင် တီးခေါက်ကြည့်ရုံနှင့် အားမရ မတင်းတိမ်နိုင်ကြပေ။ သက်ရှိဆိုလျှင် သွေးကိုဖောက်၊ သွေးကလပ်စီးကို မိုင်ကရိုမှန်ဘီဘူးများဖြင့် ကြည့်ရှုစစ်ဆေးသည်။ သက်မဲ့ဆိုလျှင် ဆားပေါင်ဒါအဖြစ်ထုတ်၍ ဓာတုဗေဒဌာနမှ စမ်းသပ်ကြည့်သည်။ ဘာတွေ့ပါသည်။ ဘာဖြစ်နေပါသည်ဟု အမှန်ဆွဲထုတ်ကြသည်။

သို့အမှန်သဘာဝကို ရှာရာတွင် ဓာတ်ပုံအကူအညီယူရသည်။ ဓာတ်ပုံက ဤဖြစ်ရပ်၊ ဤသို့မြင်ခင်းအသစ် တစ်ကဏ္ဍ ဖွင့်ပေးလိုက်သည်။ ပုံနံပါတ် ၁-၂-၃ တွင် ကြည့်ပါ။ လောကဓာတ်ပညာက ရှေးကမမြင်ဘူးသေးသော ပုံသစ်ပုံဆန်းများ ဆွဲထုတ်ပြလိုက်သည်။ ၎င်းအသစ်အဆန်းများသည်ပင်လျှင် မော်ဒန် ပန်းချီကို အရောင်ဟပ်ဆန်းသစ်စေသည်။


၁



၂



၃



**အတွင်းရုပ်ကို ဘယ်လိုဖော်ပြအံ့နည်း ?**

မျက်စိဖြင့် မြင်၍မရသော ခံစားမှုများဖြစ်သော၊ ဥပမာ-အသံလှိုင်း၊ ဆွဲတတ်သော သံလိုက်ဓာတ်၊ သေမင်းရောင်ခြည် စသောအရာများကို အဘယ်သို့ ပေါ်လွင်အောင် ရေးဆွဲမည်နည်း။ သို့သော် လောကဓာတ်ပညာက သူတို့တတွေ လောက၌ ရှိနေသည် ပြောသည်။ သူတို့ကို အဓိပ္ပာယ်ပေါ်လွင်လာအောင် ဘယ်လိုသရုပ်ဖော်မည်နည်း။ သူတို့၏ပုံစံ၊ သူတို့၏အလှသဘောများ ဘယ်လိုနေပါလိမ့် စသောမေးခွန်းများထွက်လာသည်။ မြင်နေကျ၊ တွေ့နေကျ၊ သမရိုးကျပန်းချီမှ လွဲဖယ်၍ အသစ်အဆန်း တောင့်တနေသော ပန်းချီဆရာများက သရုပ်ဖော်စမ်းသပ်လိုကြသည်။

လောကဓာတ်ပညာသည် ရှေးဆန်သော အယူအဆများ၊ အပေါ်ယံအတုများကို ဖယ်ထုတ်၍ ယင်းမျက်စေ့ဖြင့် မမြင်နိုင်သော ဝတ္ထုရုပ်များ၏ မြင်ကွင်းသစ်များ ပြသသည်။ မြင်ကွင်းသစ်များသည် ပန်းချီဆရာအား “အား” သစ်တစ်ခု လှုံ့ဆော်ပေးလိုက်သည်။ ၎င်းအားသစ်သည် Re-creation ပြန်လည်ဖန်ဆင်းမှုတစ်ရပ်ဖြစ်သည်။ ပန်းချီဆရာသည် ထိုမှတစ်ဆင့်တက်ပြန်သည်။ ထိုအဆင့်မှာ မိုက်ကရိုမှန်ဘီလူး မပါဘဲ အလားတူ မိမိစိတ်၌ ခံစားမှု

www.burmeseclassic.com

ဝေဒနာများကို ကားချပ်ပေါ်တွင် ပြန်လည်သရုပ်ဆောင်ခြင်းပင်ဖြစ်သည်။ ၎င်းအယူအဆကို Expressionism ဟု ခေါ်သည်။

မော်ဒန်ပန်းချီဆရာသည် သစ်တစ်ပင်ရိပ်၊ ဝါးတစ်ပင်အောက်တွင် တရားထူးရှာနေသည့် ယောဂီအလား၊ နာမ်သဘော ကျက်စားပုံ၊ လောက၏ ဒုက္ခ၊ သုခ၊ ဖြစ်ပျက်ကို အပြင်မှမြင်သော ရုပ်ဝါဒကို ပြည်ဖုံးကာချ၍ အတွင်းသဘောများကို နှိုက်ချွတ်ဝေဖန်တင်ပြသော၊ Abstract painter စိတ္တဇပန်းချီဆရာသဘောသို့ ရွေ့လျောလာသည်။ သို့ဖြစ်၍ သဘာဝအမှန်ရှာ၍ ရေးဆွဲသောပန်းချီကားများကို အကောင်းအဆိုး ဝေဖန်ခြင်းပြဿနာ မရှိတော့ပြီ။ သဘာဝသည်ပင်လျှင် ဆိုးသလော။ ကောင်းသလော ?


## **ABSTRACT FORM** <u>စိတ္တဇရုပ်</u>

မော်ဒန်ပန်းချီတွင် ရုပ်အထူးအဆန်းများ ပါတတ်သည်။ ထူးဆန်းပုံမှာ၊ ဘာရုပ်ဟု ထောက်ပြ၍မရ။ ယခင်က မြင်ဖူး သိဖူးသော အရုပ်များလည်း မဟုတ်။ မီးခိုးယောင်ယောင်၊ တောတောင် ယောင်ယောင်၊ သက်ရှိလူ၊ တိရစ္ဆာန် ယောင်ယောင်၊ တနည်းအားဖြင့် အဝိုင်း၊ လေးထောင့်၊ သုံးထောင့် စသော ပုံစံများလည်းမဟုတ်။ ပညတ်ပေး၍ မရနိုင်သော အသွင်များ ဖြစ်သည်။ ၎င်းတို့မှာ လက်တွေ့စမ်းသပ်၍ မရစကောင်း။ စိတ်၌သာလျှင် ခံစားမှုဖြစ်သဖြင့် "စိတ္တဇ" ဟု မြန်မာပြန်ကြပုံရသည်။

စိတ္တဇဆေးရုံဟု ဘယ်အချိန်အခါက၊ ပညတ်ပေးထားသည် မသိ။ Abstract Art ကို စိတ္တဇပန်းချီဟု ဘာသာပြန်ရသည်မှာ ရွေ့သွားစကားလုံး တစ်ခုကပင် နံမည်ပျက်ရှိနေသဖြင့် "စိတ္တဇ" ဆိုလျှင် လူတိုင်းက "အရူး" ထင်စရာ ဖြစ်နေသည်။

Abstract .. ကို စိတ္တဇမှလွဲ၍ အခြားအဓိပ္ပာယ်များ ပေါက်ပါသေးသည်။ ၎င်းတို့မှာ အတိုချုံးခြင်း၊ အဆီထုတ်ခြင်း။

ရှင်းလင်းစေရန် ပုံနံပါတ် ၄- သစ်ပင်ပုံကို ကြည့်ပါ။ ၎င်းမှတဖန် အတိုချုံးရာ နံပါတ် ၅- ၆- ၇-




www.burmeseclassic.com

စသည်ဖြင့် အဆင့်ဆင့် ဖြစ်ပေါ်လာသည်။ နောက်တစ်မျိုး ပုံနံပါတ် ၈- အဆောက်အဦးပုံကို အတိုချုပ်ရာ သို့မဟုတ် အဆီထုတ်ရာ နောက်ဆုံးတွင် မူလပုံပျောက်၍ Abstract- ပုံစံတစ်ခု ဖြစ်ပေါ်လာသည်။

၈ ၉ ၁၀ ၁၁










ပုံနံပါတ် - ၈ = အဆောက်အဦးတစ်ခု၏ ဓာတ်ပုံ။


၉ = ပန်းချီကားအဖြစ်ရေးရန် ပုံကြမ်း။

၁၀ - ပုံကြမ်းကို ဆေး အနု အရင့်ဖြင့် လိုအပ်သောအရာများကို ပေါ်လွင်စေ၍ အလိုမရှိသောအရာများကို ပယ်ပြီးလျှင် အမြင်ဆန်းသစ်သော ပန်းချီကားတစ်ချပ်အဖြစ် ဖန်တီးသည်။

၁၁ - ပုံနံပါတ် ၁၁ မှတစ်ဆင့်တက်၍ Abstract- အကျဉ်းရုံးထားသည်။ ဆိုလိုသည်မှာ ပုံနံပါတ် ၈ ကို ပုံနံပါတ် ၁၁ အဖြစ် တစ်ဆင့်စီ အဆီထုတ်ခြင်းဖြစ်သည်။

က ခ





ပုံအမှတ်(က)= နယူးယောက်မြို့၏ညဉ့်မြင်ခင်းဓာတ်ပုံ။


(ခ)= ၎င်းမြင်ခင်းကို အထက်နည်းအတိုင်း အတိုချုံးထားသော Abstract- ပန်းချီကားတစ်ချပ်။

www.burmeseclassic.com

ဂ



ဃ



(ဂ)= Carnival- ပျော်ပွဲရွှင်ပွဲတစ်ခုလုံး၏မြင်ကွင်းကို အကျဉ်းရုံးခြင်း။ တစ်ပိုင်းစီ၊ တစ်စစီ ထပ်ပေါင်းပြခြင်းဖြစ်သည်။ ရုတ်တရက်အားဖြင့် ပတ်ခြာဝိုင်းနေသော ကလေးများ စီးလေ့ရှိသော "ခြား" Merry-go-round- များကို ဖမ်းစားနိုင်မည်။ ဆေးရောင်စုံချယ်ထားသည်ကိုလည်း မှန်းဆနိုင်သည်။ အချို့နေရာတွင် အပေါ်စီးမှုရှင်း၊ ဘေးတိုက်မှုရှင်း၊ အောက်မှပင့်၍ရှင်း၊ မြင်ကွင်းအမျိုးမျိုးများ ဆက်စပ်ထားသည်။ ဘယ်ဘက်ထိပ်ပိုင်းမှ အသံလှိုင်းပမာ တရိပ်ရိပ်ကျဆင်းလာသော မျဉ်းဝိုက်များသည် ကားတစ်ချပ်လုံးကို ဆူညံနေစေသည်။ ထိုမှ ဤမှ ဖြတ်သန်းထားသော ညွှန်ပြသောမျဉ်းဖြောင့်များ သုံးထားခြင်းအားဖြင့် ဆင်ကွဲအမျိုးမျိုးဖြစ်သော အကြားအမြင်ခံစားမှုများကို လှုံ့ဆော်ပေးလိုက်သည်။

(ဃ)= ဗိသုကာဆိုင်ရာ အဆောက်အဦးများကို စုပေါင်းထပ်ပြခြင်းဖြစ်သည်။ စတုရမ်း၊ တရိဂံ၊ လချမ်းစသော အဆင်မျိုးစုံကို အလင်းအမှောင်အားဖြင့်၎င်း၊ အထားအသိုစနစ် Composition- အရ၎င်း၊ ကြည့်ကောင်းအောင် ဖန်တီးထားသည်။ ထူးခြားချက်တစ်ရပ်မှာ အနီးအဝေးကို ထင်ရှားစေသော"မြူ" သဘောကို ဆွဲနှုတ်ထားသည်။

ပုံ ၁၂ = သက်ငြိမ်ဝတ္ထုများ၏ဓာတ်ပုံ။

၁၃ = မူလဝတ္ထုများ၏ ဆေးရောင်ပန်းချီကား။

၁၄ = မော်ဒန်ပန်းချီဆရာက ဤသို့ပြုပြင်ဖန်တည်းသည်။ ရေချိုင့်ကို ပို၍ကြီးစေသည်။ အရာဝတ္ထုတို့၏နေရာကို အနည်းငယ် ပြုပြင်သည်။ ဆေးရောင်များကိုလည်း ပြောင်းလဲသည်။

၁၅ = အသစ်ပြန်လည်ပြုပြင်သည်။ ဝတ္ထုရုပ်ကို ပြုပြင်သည်။
အလင်းအမှောင်သဘောကိုလည်း ပြောင်းလဲသည်။
ဆေးရောင်ကို တစ်မျိုး ရွှေ့လျောစေသည်။

www.burmeseclassic.com

၁၃



၁၄





၁၅

www.burmeseclassic.com

EXPRESSIONISM = အတွင်းသဘောကို အပြင်သို့ ဥပဇာတင်စားဖော်ပြရေးဆွဲခြင်း။ အနီးကပ်ဆုံးအားဖြင့် အတွင်းသရုပ်ဖော်ဟု မြန်မာပြန်လိုပါသည်။

၎င်းဖော်နည်းကားသည် ယခုမှပေါ် ပေါက်လာသော မူသစ်မဟုတ်။ ရှေးကပင် ဖော်ခဲ့ကြသည်။ ဥရောပပန်းချီ။ ကုလားပန်းချီ၊ တရုတ်ပန်းချီများ၌ သုံးခဲ့ဖူးသည်။ မြန်မာပန်းချီလည်း ပါပါသည်။

အဓိပ္ပာယ်ပေါ် လွင်စေရန် ပုံနံပါတ် ၁၇။ ၁၈။ ၁၉။ ၂၀ ကို ကြည့်ပါ။

ပုံ ၁၇ = နတ်သမီးသည် ပျံလွှားနိုင်သော တန်ခိုးဣဒ္ဓိပါတ်ရှိသည်ကို အတောင်ပံတပ်ပြခြင်းဖြင့် ဥပဇာတင်စားသည်။

ပုံ ၁၈ = နတ်ရုပ်ဟု ထင်ပေါ် စေရန် မာလိကာတန်ဆာအဝတ်အစားဖြင့် ပြသည်။ သူသည် "နတ်" ဟူသောသညာဖြင့် မိုဃ်းသို့ ပျံတက်နိုင်သည်။ မြေကို လျှိုးနိုင်သည်ဟု ကျွန်ုပ်တို့ ဗမာများက နားလည်ထားသည်။

ပုံ ၁၉ = ခရစ်တော်၏ ခေါင်းပတ်လည်တွင် ရောင်ခြည်အဝိုင်းတစ်ခုဖြင့် ၎င်း၏ထူးခြားသော သတ္တိများကိုသရုပ်ဖော်သည်။

ပုံ ၂၀ = လက်လေးဘက်ပါသော ဟိန္ဒူအချို့ကိုးကွယ်သော ဗိဿနိုးနတ်ရုပ်ဖြစ်သည်။ လက်လေးဘက်အဓိပ္ပာယ်မှာ သာမန်လူထက် လက် ၄-ဘက် ပါသကဲ့သို့ ပြုလုပ်နိုင်စွမ်းရှိခြင်းကို ပြဟန်ရှိသည်။

www.burmeseclassic.com


၁၇



၁၈




၁၉




၂၀




၂၇




၂၈



၂၉



၃၀



၃၁



ပုံနံပါတ် ၂၇ = ထုထည်ကို ပြသည်။


၂၈ = အာကာသ၏ အကျယ်အဝန်း။

၂၉ = ကားချပ်ပြည့်ဒီဇိုင်း။

၃၀ = မျဉ်းရိုးရိုးဖြင့် သရုပ်ဖော်ခြင်း။

၃၁ = Distortion- ရုပ်ဖျက်ဆင်းဖျက်ဖြင့် လှုံ့ဆော်၍ အာရုံတစ်ခုသို့ စူးစိုက်စေခြင်း။


## စိတ်မှဖြစ်ပေါ်သောခံစားမှုများနှင့် ကိုင်တွယ်၍မရသော တန်ခိုးသတ္တိကို သရုပ်ဖော်ခြင်း



**ခေါင်းမူးဝေခြင်း**




**စိတ်ကူးယဉ်ခြင်း**




**မေတ္တာစိတ်**



**သီချင်းသံ**



**လျင်မြန်ခြင်း**



**အင်အား-အရှိန်အဟုန်**

အထက်ပါပုံများမှာ ကာတွန်းများတွင် မကြာခဏ သုံးလေ့ရှိသော Expressionism- ဖြစ်ပါသည်။

www.burmeseclassic.com

## အကြောင်းတရား
## ဘာ့ကြောင့်အတိုချုံးချင်သလဲ

(၁) လျှင်မြန်စွာ တိုးတက်နေသော လောကဓာတ်ပညာအစွမ်းကြောင့် ဖြစ်ပါသည်။ လူနေမှုအဆင့်အတန်းကို ၎င်းပညာစွမ်းက ချယ်လှယ်နေသည်နှင့်အမျှ လူ၏စိတ်ဓာတ်များကိုပါ ပြောင်းလွဲပေးနေသည်။

(၂) **အမြန်ကြိုက်ခြင်း။**

လူတိုင်း မော်တော်ကားနှင့် သွားလိုသည်။ လှည်းကြမ်းမစီးလို။ ဂျက်လေယာဉ်နှင့် သွားလိုသည်။ သင်္ဘော၊ မီးရထား မစီးလိုပေ။ စာတိုက်မှ စာထည့်အကြောင်းကြားရန် နှေးကွေး၍ ကြေးနန်းရိုက်ကြသည်။ ၎င်းမှတစ်ဆင့် တယ်လီဖုန်းဖြင့် ပြောလိုကြသည်။ စကားလုံး (၁၀၀၀) နားထောင်ရမည်ထက် (၁၁)လုံးလောက်ကိုသာ ကြားချင်သည်။ စုတ်ချက်ပေါင်း (၁၀၀၀) တို့ရမည်ထက် (၁၁)ချက်လောက်သာ ရေးဆွဲချင်ပြီ။

(၃) **လိုရင်းကိုသာ ကြိုက်ခြင်း။**

အဆီထုတ်ခြင်းသည် လိုရင်းကို အလွယ်တကူ သုံးခြင်းဖြစ်သည်။ ရှေးက ဝမ်းနှုတ်ဆေးမှိုဝဲရာတွင် တစ်လက်ခုတ်ခန့်ရှိ "သထုံဆီးဆေး" ကို သုံးကြရသည်။ ယခုအချိန်တွင် ပဲနောက်စေ့ခန့်ရှိ ဓာတုဗေဒနည်းအရ အဆီထုတ်ပြီး ဝမ်းနှုတ်ဆေးများကိုသာ သုံးကြသည်။

(၄) **ပဋိသန္ဓေတည်ချိန်**

ယခုခေတ် လူတစ်ယောက်သည်၎င်း၊ သူ၏သားမြေးစဉ်ဆက်သည်၎င်း၊ တစ်ဆင့်ပြီးတစ်ဆင့် နားလည်လွယ်ခြင်း INTELLIGENCE- မှာ နောက်ဆုံးလူက ပိုမိုလာသည်။ မြန်မာ့အယူအဆ- ဆုတ်ခေတ်ဟု ပြောကြသည်။ တစ်နေ့သော် မြေဇာပင်ပုခက်လွှဲသည့်ခေတ် ရောက်ဦးမည်ဟု ကြားဖူးသည်။ ခေတ်လူငယ်များ နားလည်လွယ်ပုံမှာ "ချက်ဆိုရင် နားခွက်က မီးတောက်သည်" ဟု ဆိုရမည်။ ထို့ကြောင့် မကြာခဏ "ဘူဒါးကြီး" များနှင့် "ချာတိတ်" တစ်စုတို့ သဘောမတိုက်ဆိုင်သည်မှာ အံ့ဩစရာမဟုတ်ပေ။ နောက်လူများက အမြန်နှင့်အတိုချုပ်ကို ကြိုက်ကြသည်။

အထက်ပါအကြောင်းတရားများကို ပန်းချီနယ်သို့ စပ်ဟတ်သုံးသပ်သော်- ရှေးရိုး (Classic) ဆရာကြီးများနှင့် ခေတ် (Modern) ဆရာကလေးများအဖြစ် တွေ့ရသည်။ မည်သူ့ကားကို ကြိုက်၍ မည်သူ့ကားကို မကြိုက်လိုသည်မှာ ခေတ်က ဆုံးဖြတ်သည်။

www.burmeseclassic.com


**ကျောက်ခေတ်ပန်းချီမှ မော်ဒန်ပန်းချီ ခရီးစဉ်**

လူ့သမိုင်းတွင် ယဉ်ကျေးမှုကောင်းစွာ မထွန်းကားမီ ကျောက်ခေတ်မှစ၍ ပန်းချီ၊ ပန်းပုကို ကျောက်နံရံများတွင် ရေးဆွဲထုလုပ်ကြသည်။ ထိုစဉ်က အကြမ်းဖျဉ်းလောက် ရေးဆွဲတတ်ကြသည်။ သို့နှင့်ပင် တဖြည်းဖြည်း တိုးတက်ခဲ့ရာ (EVOLUTION) အရ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ငါးရာလောက်တွင် ရောမ၊ ခေါမ တိုင်းပြည်များ၌ အနုပညာထိပ်တန်း အကျဆုံး ပန်းချီပန်းပုများ ပေါ်ပေါက်ခဲ့ဖူးသည်။

ထိုမှတဖန် အနောက်တိုင်းများတွင် (DARK AGE) ပန်းချီ၊ ပန်းပုများ တိမ်ကောခဲ့ရာ၊ ခရစ်တော်ပေါ်ပြီးသည့်နောက် ၁၃ ရာစုလောက်တွင် ပြန်လည်ထွန်းကားလာပြန်သည်။ ၁၆ ရာစုလောက်တွင် ရှေးကကဲ့သို့ ပန်းချီ၊ ပန်းပုများ၏ လက်ရာသည် သဘာဝနှင့် အတူဆုံး၊ အပီသဆုံး ထိပ်တန်းသို့ ရောက်ပြန်သည်။ ၎င်းကို (REVAISSANCE) အဟောင်းကို ပြန်လည်ဆန်းသစ်သောခေတ်ဟု အမည်ပေးသည်။

ထိုမှတဖန် ပြန်လည်ဆန်းသစ်သောမှုများသည် နှစ်ပေါင်း ၅၀၀ ခန့်အကြာတွင် ရိုးသွားပြီဖြစ်သဖြင့် ၎င်းမှုကို (CLASSIC) ရှေးရိုးဟုထားရှိ၍ “မူသစ်” သို့မဟုတ် ဝါဒ (ISM) များ ပေါ်ပေါက်စပြုသည်။ ဥပမာ-ပန်းချီသည် အမြင်သဘောမဟုတ်၊ အထင်သဘောဟူ၍၎င်း၊ (ဝါ) စိတ်၌ ခံစားမှုဟူ၍၎င်း၊ (IMPRESSIONISM) ပန်းချီသည် အပေါ်ယံမြင်သော ရုပ်ကို ရေးခြင်းသည် အမှန်မဟုတ်၊ ရွှေမုံကြမ္ဘာသာဖြစ်၍ အတွင်းသဘောကို တင်ပြခြင်း (EX-PRESSIONISM) သည် အမှန်ဟု တချို့ဆရာများက ယုံကြည်ကြသည်။ သို့နှင့် ဝိဝါဒကွဲပြန်ရာ (CUBISM) ယူကလစ်ပုံသဏ္ဌာန်ရေးနည်း၊ (SURREALISM) အိပ်မက်သဘောရေးနည်း၊ (ABSTRACT) လောကတွင် မမြင်ဖူးသေးသော ဝတ္ထုရုပ်များ ရေးနည်း သို့မဟုတ် သုညနောက်တစ်ဘူတာလွန်သော အတိုချုပ်ရေးနည်း စသည်ဖြင့် ပေါ်ပေါက်နေပေပြီ။ သို့ပြောင်းလဲသောအချိန်မှာ ၁၉၁၀-ခုနှစ်နောက်ပိုင်း ဖြစ်သည်။ ယနေ့ (MODERN ART) မော်ဒန်ပန်းချီမှာ နောက်ဆုံးပေါ် အယူအဆများ ရောပြွမ်းထားသော ဟင်းလေးအိုးပန်းဟု ဆိုချင်ပါသည်။

www.burmeseclassic.com



## အမြင် တူသော်လည်း အထင် မတူ



လေယာဉ်ပျံ တစ်စင်းအကြောင်းကို လူမျိုး (၁၁၁) ပါးအားပြသော် ၎င်းပုံပန်းကို တစ်မျိုးတည်း မြင်ကြပေသည်။ သို့သော် ဘာ့ကြောင့် ပျံနိုင်သည်၊ ၎င်း၏တန်ဖိုးသတ္တိအကြောင်း ထင်မြင်ချက်ပေးပါဆိုလျှင် (အင်ဂျင်နီယာများမှလွဲ၍) ထင်မြင်ချက်အမျိုးမျိုး ပေါ်ထွက်လာပေမည်။

ထို့အတူ ပန်းချီလောကတွင်လည်း ဆရာတစ်ဦးနှင့်တစ်ဦး မတူပေ။ မွေးကတည်းက ပါလာသော ပါရမီ (Genius) ခြင်းလည်း မတူ။ မွေးဖွားပြီးသည့်နောက် ဆည်းပူးရအပ်သော ဗဟုသုတခြင်းလည်း မတူ၊ ၎င်း၏အစွဲအမြဲ (OBSESSION) ယုံကြည်ခြင်းလည်း မတူခြင်း စသောအကြောင်းတရားများ ဖြစ်သည်။

နောက်တစ်နည်း- ပန်းချီနယ်တွင် (Colour Blind) အရောင်မကွဲပြားခြင်း ဟုဆိုအပ်သော မွေးရာက ပါလာသော ချို့တဲ့မှုတစ်ရပ်လည်း ရှိပါသည်။ R.A. ဘွဲ့ထူးရပြီးသော အချို့တော်ဝင်ပန်းချီဆရာကြီးများပင် ၎င်း ချို့တဲ့မှုရှိသည်။ အချို့ဆရာများတွင် (Colour Sensitive Nerves) အရောင်စုံသူ မတူ၊ ခွဲခြားနိုင်သော သတ္တိထူးများ ပါလာသည်။ ဥပမာ- (Sergeant, Brangwyne) စသော ဆရာကြီးများကို ဆိုလိုသည်။

စိတ်ထင်မြင်ပုံ သို့မဟုတ် ခံစားမှုနှင့်ပတ်သက်၍ ရှင်းလင်းရန်မှာ ဤစာစောင်အဖို့ များစွာကျယ်ဝန်းမည်ဖြစ်သဖြင့် ဆင်တစ်ကောင်အကြောင်းကို ထင်မြင်ချက်ပေးကြသော ပုဏ္ဏား ၆ ယောက်ကိုသာ ညွှန်းလိုပါသည်။ နှာမောင်း တွေ့သူက မြွေနှင့်တူသည်။ နားရွက်စမ်းမိသူက ယပ်တောင်နှင့်တူသည်။ စသဖြင့် ယူဆပုံခြင်း ကွဲပြားကြသည်။ ဤပုံကို ဥပမာဆောင်ရသော်လည်း ကျွန်ုပ်ပြောလိုသော အဓိပ္ပာယ်သို့ အရောက်ပို့ရန် မတိကျလှသေးပါ။

**Art Changes-** ပန်းချီသည် နှစ်စဉ်ပြောင်းလဲနေသည်။ မော်တော်ကားပုံသစ် ပြောင်းနေသကဲ့သို့ပင် ဖြစ်သည်။ ပြင်သစ်နှင့် အမေရိကန်ရှိ ခေတ်ပန်းချီဆရာတို့ ပြောင်းလဲပုံမှာ လွတ်လပ်စွာ ထင်ရာစိုင်းနေကြရော့သလားဟု ထင်စရာ ဖြစ်သည်။ သိမြင်နိုင်ရန် နောက်ပိုင်းတွင် ကြောက်ခြင်းသဘော၊ မမြဲသဘော၊ အိပ်မက် စသော ပန်းချီကားများကို ကြည့်ပါ။ ၎င်းတို့မှာ ၂၀-ရာစုအတွင်း ပန်းချီဝါဒ (ISM) များမှ ခွဲခြားစိတ်ဖြာလာပုံကို ပြခြင်းဖြစ်သည်။

www.burmeseclassic.com

## ကြောက်လန့်ခြင်း



**ရေးဆွဲသူ- ချာလ်ဘချ်ဖီး**

စိတ်ချောက်ခြားသောအခါ တွေ့မြင်သမျှအရာများသည် စိတ်နောက်လိုက်၍ ရုပ်ဆင်းပျက်ရသည်။ ကလေးများသည် ညဥ့်အခါ လေပြင်းပြင်းတိုက်ခတ်သည်ကို ကြောက်မက်ဖွယ် အကောင်ကြီးများ ချောက်နေသည်ဟု ထင်ကြသည်။


## မမြဲသဘော



**ရေးဆွဲသူ- ဘောရစ်မာကို**

မည်သည့်သက်ရှိသက်မဲ့မဆို အမြဲပြောင်းလဲနေသည်။ တဖြည်းဖြည်းသော်လည်းကောင်း ကြီးထွားရမည် သို့မဟုတ် ပျက်စီးယိုယွင်းနေသည်။ လျှပ်တပြစ်အတွင်း တွေ့မြင်ရသော အရာဝတ္ထုရုပ်များသည် မမြဲသဘောအရ ပြောင်းလဲနေရကား မည်သည့်ပုံစံဟု အတိအကျ ထောက်မပြနိုင်ဟု ဆိုလိုသည်။


## အနီးအဝေးညွှန့်ပေါင်း



**ရေးဆွဲသူ- ဂျိုဟာနစ်မိုဇန်**

မိုးထိတိုက်တာ အဆောက်အဦများကို အဘက်ဘက်မှ တွေ့မြင်ရပုံဖြစ်သည်။ အနီးအဝေးစနစ်နည်းဥပဒေများကို လက်လွှတ်၍ ရေးဆွဲသည်။ တစ်နေရာထဲမှ အမြင်သည် နယ်ကျဉ်းသဖြင့် နေရာအမျိုးမျိုးမှ မြင်ကွင်းသည် ပိုမိုနယ်ကျယ်၍ လွတ်လပ်သည်ဟုဆိုသည်။

## အိပ်မက်သဘော



**ရေးဆွဲသူ- ဝိုင်တင်ဂိုင်း**

အိပ်မက်ထဲတွင် တွေ့ဖူးသောဝတ္ထုရုပ်ရှင်များကို ပြန်လည်ရေးဆွဲသည်။

လောကဓာတ်ဆရာများက စကြာဝဠာအသစ်ကို ရှာသည်။

ပန်းချီဆရာက စိတ္တဇရုပ်အသစ်ကို ရှာသည်။

www.burmeseclassic.com

## ရုပ်လောကနှင့် စိတ်ကူးလောက

ရှေးပန်းချီသည် ယေဘုယျအားဖြင့် ရုပ်လောကအကြောင်းကို သရုပ်ဖော်ကြသည်။

ယနေ့ပန်းချီသည် စိတ်ကူးယဉ် (CREATIVE) လောကအကြောင်းကို သရုပ်ဖော်ကြသည်။ ဤသို့ တစ်မျိုးတစ်ဖုံ ပြောင်းကြရာ အချို့ကား အိပ်မက်နယ်သို့ ရောက်ကြသည်။ ဆက်သွယ်ပုံမှာ လူ့ဘဝသည် အိပ်မက်သဖွယ်ဟု ဆိုသည်။ ကဗျာပညာရှိ တစ်ဦးက အောက်ပါအတိုင်း ဖွဲ့ဆိုသည်။

ဘဝသဘော၊ အနက်ပြောက

ရုပ်လောက၏၊ တစရိပ်ငယ်

ဆိုအပ်ဖွယ်တည်း -----

ဘဝများတွက်၊ အဖြေထွက်မူ

အိပ်မက်တစ်ခုမျှသာတည်း

အိပ်မက်များအတွက်၊ အဖြေထွက်သော်

အိပ်မက်တစ်ခုမျှသာတည်း။ ။

ယနေ့ပန်းချီကဏ္ဍသစ်တွင် ပါဝင်နေကြသော ပန်းချီမူများသည် ရုပ်လောကတွင် တွေ့မြင်နေကြရုပ်များ ပျောက်၍ ယခင်က မသိသေးသော ရုပ်ဆန်းများကိုသာ တွေ့မြင်ရပါသည်။ ၎င်းတို့ကို ပန်းချီကားချပ်ဟု လက်ခံသော သူများလည်း ရှိသည်။ လက်မခံလိုသောသူများလည်း ရှိသည်။

အငြင်းအခုံမပွားလိုပါ။ သို့သော် တစ်ခုတော့ စဉ်းစားလိုပါသည်။ ပြေးသောသူက မြန်လွန်းသလော။ နောက်က လိုက်သောသူက နှေးလွန်းသလော။

www.burmeseclassic.com



(က)

လှေကားပေါ်မှ ဆင်းလာသော
မိန်းကလေး



(ခ)



(ဂ)




**ရေးဆွဲသူ- မာဆယ်ဒူးချင့်**

ဘယ်လက်ထိပ်မှ ညာဘက်အောက်ဆုံး အထိ ဆက်လက်လှုပ်ရှားနေခြင်းကို ထပ်တလဲလဲဖြစ်သော ပုံသဏ္ဌာန်ဖြင့် လှုပ်ရှားခြင်းကို ပြသည်။

(က) (ခ) (ဂ) ဓာတ်ပုံများသည် မိန်းကလေး တစ်ယောက် လှေကားဆင်းပုံများကို အဆိုပါ ပန်းချီကားအား အထောက်အပံ့ပြုစေရန် ပြထားသည်။

## ကြေးတီးဝိုင်း




**ရေးဆွဲသူ- ဂျွန်ကိုးဗတ်**


အသံသည် နား၌ခံစားအပ်သော သောတအာရုံ ဖြစ်သည်။ သို့သော် ပန်းချီဆရာက ကြေးဂီတသံကို မြင်နိုင်ရန် ဤသို့ပြသည်။

ကြေး (လင်းကွင်း) သို့မဟုတ် (ရကွင်း) ၏အသံလှိုင်းများ အသွားအလာ အနိမ့်အမြင့်များကို စိတ္တဇရုပ်အဖြစ် သရုပ်ဖော်ခြင်းဖြစ်သည်။

www.burmeseclassic.com



## ဦးနှောက်စွမ်းနှင့် လက်စွမ်း



ပန်းချီဆရာတစ်ယောက်ဖြစ်ရန် ၉၀ ရာခိုင်နှုန်းသည် လက်စွမ်းဖြစ်ရမည်ဟု ဆို၏။ ၎င်းအဆိုမှာ ရှေးကျခဲ့ပေပြီ။ ယခုအယူအဆမှာ ဦးနှောက်စွမ်းကို ပိုမိုအရေးပေးကြသည်။

လက်စွမ်းသောပန်းချီဆရာများသည် ဉာဏ်စွမ်းသော ပန်းချီဆရာ အရေအတွက်ထက် ပေါများသည်။ သို့ကြောင့် ရှားပါးသော ဉာဏ်စွမ်း ပန်းချီကားများသည် သာ၍အဘိုးတန်ပေသည်။

လက်စွမ်းခြင်းကို (Draughtsmanship) ဟုခေါ်သည်။ ပန်းချီဟု မခေါ်ဆိုနိုင်ပေ။ ရှင်းဦးအံ့။ ကွန်ပါကိရိယာမပါဘဲ စက်ဝိုင်းပုံသဏ္ဌာန်ကို အတိအကျရေးဆွဲနိုင်သူရှိသည်။ ဓာတ်ပုံနှင့်မခြားနားနိုင်အောင် ပုံတူရေးဆွဲနိုင်သူသည် ရှိသည်။ ၎င်းတို့သည် အပင်ပန်းခံနိုင်သော လက်စွမ်းသန့်သန့် ဖြစ်သည်။ ပန်းချီသည် အလှသဘောကိုသာ လိုချင်သည်။ ချွေးထွက်အောင်ပြုစုရသည်ကို မလိုအပ်ပေ။

## အပျော်တန်းနှင့် ကြေးစား။


မည်သည့်ပညာမဆို ဝါသနာအိုးများက အပျော်တမ်း လိုက်စားကြ၏။ ပိုက်ဆံမရမှာကိုလည်း မပူပင်။ အချိန်ကုန်ခြင်းကိုလည်း မတွက်ချက်။ လူပင်ပန်းခြင်းကိုလည်း ဂရုမမူ။ ဤသို့သော သဘောထားများ ရှိကြသည်။

ကြေးစားများအဖို့မှာမူ အခကြေးငွေယူရမည်။ အချိန်ကို တွက်ရမည်။ ချွေးနှင့် ရင်းရသည်ကိုလည်း ဈေးတင်ရပေမည်။

အနုပညာရှင်များတွင် အထက်ပါ အတန်းအစား ၂ ရပ် ကွဲပြားစွာ ရှိတတ်သည်။ အပျော်တမ်းသဘောသည် (AESTHETIC) အလှသဘော၊ ပညာသဘောကို ရှေးရှုသည်။ ကြေးစားမှာ အခကြေးငွေကို ရှေးရှုသည်။

အပျော်တမ်းများ ရင့်ကျက်လာသောအခါ (SCHOLAR) အထူးလေ့လာသူ သို့မဟုတ် “တဖက်ကမ်းခတ်” တစ်နည်း ULTRA MODERN ခေတ်ရှေ့ပြေးပညာသည်များ ဖြစ်လာပါသည်။ ကြေးစားများအဘို့မှာ ပညာသဘော မပေါက်လျှင် ကြေးစားအနေဖြင့် အဆုံးသတ်ပေမည်။

www.burmeseclassic.com




## စာဖတ်မှ အမြင်ကျယ်မည်
## အမြင့်တက်ကြည့်မှ မြင်ကွင်းကျယ်သည်

ဆေးပညာလိုက်စားသူသည် ဆေးကျမ်းအစောင်စောင် လေ့လာအပ်သလို ပန်းချီလိုက်စားသူသည် ပန်းချီစာအုပ်အမျိုးမျိုး ဖတ်ရှုထိုက်သည်။ စာမဖတ်သူသည် သဘောတရားကို မထင်မြင်နိုင်။ အရုပ်အမျိုးမျိုးမြင်ဖူး၊ ရေးဖူးရုံကာမျှဖြင့် လုံလောက်ပြီဟု မဆိုနိုင်ချေ။ အနက်အဓိပ္ပာယ်ပေါက်မှသာလျှင် ကိုယ်ပိုင်မှုကို ရေးဆွဲနိုင်သည်။ သို့မဟုတ်လျှင် သူများနောက်လိုက်ဘဝမှ မလွတ်နိုင်ပေ။

ပန်းချီကိရိယာများကိုလည်း အမျိုးမျိုးစမ်းသပ်ရန် လိုအပ်သည်။ အမှား အမျိုးမျိုးတွေ့ပြီးမှ အပျက်တွေတပုံကြီးအကြားမှ အကောင်းထွက်တတ်သည်။ လေဟာပြင်သို့ တက်ရောက်နိုင်သော ဒုံးပျံများ ပေါ်ပေါက်နိုင်ရန် မအောင်မြင်သောဒုံးပျံအဆုံးအရှုံးများနှင့် ရင်းနှီးထားရသည်။

ထို့ကြောင့် ဆင်းရဲနွမ်းပါးခြင်းကို အခြေခံ၍ စာမဖတ်နိုင်၊ ကိရိယာစုံစုံလင်လင် မသုံးစွဲနိုင်သော ပညာသည်များအဖို့ များစွာစိတ်မကောင်းဖြစ်စရာပင်။ ညဥ့်အခါ ပန်းချီရေးဆွဲရန် ဖယောင်းတိုင် မဝယ်နိုင်သော အနောက်တိုင်းပန်းချီဆရာကြီးတစ်ဦးက "ငါ့မျက်လုံးများဟာ ကြောင်များလို ညအခါ မြင်နိုင်ရင် ကောင်းလေစွ" ဟု ညည်းတွားဖူးသည်။

ချမ်းသာသောအနုပညာရှင်အရေအတွက်သည် အလွန်နည်းပါး၍ ဆင်းရဲသောပညာရှင်များမှာ ဒုနှင့်ဒေးဖြစ်နေခြင်းမှာ ထုံးစံဖြစ်နေသည်။ အနုပညာသည်တစ်ယောက်သည် အကယ်၍ မချမ်းသာပါမူ "ကျွန်ုပ် တောင်းတနေသည်မှာ ငွေ မဟုတ် ပညာသာလျှင် ပန်းတိုင်ဖြစ်ရမည်" ဟု နှလုံးသွင်းရာသည်။



## ဝေါဟာရ-စကားနှင့် ပန်းချီအဘိဓမ္မာ

လူမျိုးတိုင်းတွင် ဝေါဟာရစကားများ ရှိသည်။ အချို့လူမျိုးတွင် အလွန်ခေါင်းပါး၍ အချို့များစွာ ကြွယ်ဝသည်။ ယနေ့ကမ္ဘာသုံးသော အကြွယ်ဝဆုံးဘာသာမှာ အင်္ဂလိပ်စကားပင်ဖြစ်သည်။ အခေါင်းပါးဆုံးစကားမှာ ကော်ရင်ဂျီ ဖြစ်လေမလား။ ဝလူမျိုးစကား ဖြစ်လေမလား မသိသေးပါ။

ဤစာစောင်မှာ အင်္ဂလိပ်စာများနှင့် ဖော်ပြထားသော စာအုပ်များမှတစ်ဆင့် ဖောက်သည်ချရသဖြင့် အချို့စကားလုံးများမှာ ဗမာ့ဝေါဟာရနှင့် ကောင်းစွာ မတွေ့။ တွေ့ပြန်ကလည်း ကောင်းစွာ မဟပ်မိပါ။ ပန်းချီအဘိဓမ္မာသဘောတရားများတွင် သူမပါလျှင် မပြီးသော စကားများရှိသည်။ ဥပမာ-Expressionism ကို အနီးဆုံး ဆီလျော်သော စကားမတွေ့သဖြင့် ရှည်လျားစွာ ဖော်ပြရခြင်းမှာ အားမရလှသေးပေ။ Abstract ကို စိတ္တဇဟုပြန်သော်၊ Semi-abstract ကို စိတ္တဇတဝက်ဟု ဆိုရန်ဖြစ်နေ၍ မပြေပြစ်လှသေး။ Cubism ကို ယူကလစ်ပုံစံဟု အလွယ်တကူ ပြန်ရသည်မှာ ယူကလစ်မသိသောသူက မထင်မြင်နိုင်။ Subconscious ကို ငုတ်လျှိုးစိတ်ဟု ဆိုသည်မှာလည်း သူ့နေရာနှင့်သူ အံမကိုက်လှသေးပေ။ ထို့အတူ Impressionism, Neo Surrealism စသောစကားလုံးသစ်များကိုလည်း ဗမာလူမျိုး ရိပ်မိရုံမျှလောက်ပင် ဘာသာပြန်ရန် ခက်ခဲလှဘိတောင်း။



ဤသို့ဆိုလျှင် အင်္ဂလိပ်စကားမပါဘဲ ပန်းချီစကား ပြောမရဘူးလားဟု မေးဖွယ်ရှိသည်။ ရပါ၏။ သို့သော် "မပီကလာ" ဖြစ်၍ စမ်းဝါး၍ နားလည်ရမည်။ ကုလားစကား မတတ်တတတ် မြန်မာတစ်ယောက်က လိပ်အကြောင်း ပြောရာ၌ "ပါနီထဲမယ် (ကိုယ်ဟန် လက်ဟန်နှင့်) အိုင်ဆားမာဖီးဟဲ၊ ဟောဒီလို ဂျာယေးဂါးတယ်" ဟု လူပျက်တစ်ယောက် ပြောဖူးသည်။ ဆိုလိုသည်မှာ လိုရင်းပြောချင်သောစကားလုံး စုံစုံလင်လင်မရှိသော ဘာသာသည် အောက်တန်းကျနေပါသေးသည်။ ထို့အတူ ကမ္ဘာ့ဝေါဟာရ မခေါက်မိသေးသောသူတစ်ယောက်သည် ကမ္ဘာ့ပန်းချီ အဘိဓမ္မာကို ဒင်ပြည့်ကျပ်ပြည့် နားမလည်နိုင်ပါပေ။

## ယနေ့ဗမာပြည် ပန်းချီ"ဆရာ"များ

"ဆရာ" ဆိုသော စကားလုံးကို အနည်းငယ် စိစစ်လိုပါသည်။ ဆရာရှိလျှင် တပည့်ရှိရမည်။ ဆရာ အဆင့် အတန်းရောက်ရန် မိမိကိုယ်တိုင်က တပည့်ခံ၍ ထိုထိုသောအတတ်ပညာ ကုန်ဆုံးသောအခါ ထိုအတတ်တွင် "ဆရာ" ဟု ခေါ်စမှတ်ပြုကြသည်။

နောက်တစ်မျိုး။ အလုပ်သမျှားတစ်စုကို အုပ်ချုပ် ခိုင်းစေသောသူကိုလည်း အလုပ်သမားများက "ဆရာ" ဟု ခေါ်သည်။ ဤနေရာတွင် ပညာရေးနှင့် မဆိုင်။ ထိပ်ကနေ၍ အမိန့်ပေးသူ "ခေါင်း" ကို ဆရာဟု သုံးနှုန်းခြင်း ဖြစ်သည်။ အမှန်အားဖြင့် ၎င်း "ဆရာ" သည်ပင်လျှင် အလုပ်သမားအကြီးစား ဖြစ်သည်။ ထို့အတူ ပန်းဘဲဆရာ၊ ပန်းရံဆရာ၊ သံဖြူဆရာ စသဖြင့် ခေါ်ဝေါ်ကြသည်။

ထိုမှတစ်ဆင့်ဆင်းသော် ဆိုက်ကားဆရာအထိ "ဆရာ" ကို "ဗုန်းဗောလအော" သုံးစွဲကြရာ အဘယ်မျှ ပေါ့ပျက်ပျက်ရှိလှသည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

ပန်းချီလောကတွင်လည်း မော်တော်ကား နံပါတ်ပြားရေးသောသူကလည်း "ပန်းချီဆရာ" ဟု ဆိုင်းဘုတ် တပ်သည်။ မဏ္ဍပ်ဆရာ၊ ဘုန်းကြီးပျံလောင်တိုက်လုပ်သောသူများကလည်း "ပန်းချီဆရာ" ဟု ဆိုင်းဘုတ်တပ်ကြသည်။ သို့ဖြစ်၍ အလုပ်သဘောနှင့် ဆိုင်းဘုတ်သဘော ကွဲပြားစေရန် ယနေ့ခေတ်စားနေသော ပန်းချီများကို အောက်ပါအတိုင်း ရှင်းလင်းဖော်ပြအပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဝတ္ထုမျက်နှာဖုံးရေးဆွဲသူ (Illustrator) | = | ဇာတ်လိုက်၊ ဇာတ်ကောင်များ၏ အမူအရာများကို ရေးဆွဲသည်။ |
| ၂။ | ဒီဇိုင်းရေးဆွဲသူ (Designer) | = | ဒီဇိုင်းအခ်ပွာယ်များစွာ ကျယ်ဝန်းသည်။ အကြီးဆုံး သင်္ဘောဆောက်လုပ်ရန် ဒီဇိုင်းရေးဆွဲပေးနိုင်သူမှ အသေးဆုံး ဆေးလိပ်ပတ်ဒီဇိုင်း ရေးဆွဲသူအထိ ဒီဇိုင်းနာဟု ခေါ်ကြသည်။ ဥပမာ-ဆယ်အိမ်ခေါင်းနှင့် ရှင်ဘုရင်ကဲ့သို့ ဖြစ်သည်။ ၂-ဦးစလုံး အုပ်ချုပ်သူပင် ဖြစ်သည်။ |
| ၃။ | ကာတွန်းဆရာ (Cartoonist) | = | အထူးရှင်းရန် မလို။ ကာတွန်းများ ရေးသည်။ |
| ၄။ | ဆိုင်းဘုတ်ရေးသူ (Sign-board Writer) | = | ထိုနည်း၎င်း။ ဆိုင်းဘုတ်ရေးသည်။ |
| ၅။ | ပိုစတာရေးသူ (Poster Artist) | = | အထူးသဖြင့် ရုပ်ရှင်ဇာတ်လိုက်ပုံများကို အကြီးချဲ့၍ ရေးဆွဲသည်။ ကြော်ငြာကား များ ရေးဆွဲးသည်။ |
| ၆။ | ဆေးသုတ်သူ (Painter) | = | တိုက်နံရံများတွင် ဆေးသုတ်သူ။ |


၇။ ဆီဆေးရေးဆွဲသူ (Oil Painter) = ရှုမျှော်ခင်း၊ ပုံတူ၊ ရာဇဝင်နှင့်ဆိုင်သော အရုပ်ကားများကို ဆီဆေးနှင့် ရေးဆွဲသည်။

၈။ ရေဆေးရေးဆွဲသူ (Water Colour Painter) = အထက်ပါအတိုင်း ရေဆေးနှင့် ရေးဆွဲသည်။

**မှတ်ချက်။** ။ ပန်းချီပညာတွင် (Fine Art) အနုပန်းချီနှင့် (Commercial Art) ကုန်သွယ်ခြင်းနှင့်သာ သက်ဆိုင်သော ကြော်ငြာပန်းချီဟူ၍ ၂-မျိုး ခြားနားသည်။ အထင်ဖော်ပြပါများတွင် နံပါတ် ၇ နှင့် ၈ ကိုသာလျှင် အနုပညာစာရင်း သွင်းသည်။ ကမ္ဘာကျော် ပန်းချီဆရာဟူ၍ ဂုဏ်ပြုခြင်း ခံရသောသူများကား အနုပညာပန်းချီဆရာကို ဆိုလိုပါသည်။

<u>**ပန်းချီကားတစ်ချပ်ကို ကြည့်၍-**</u>

မကြိုက်လျှင် အောက်ပါအချက်များမှ တစ်ခုခုကြောင့် ဖြစ်ရမည်။






(၁) အရုပ်ကားတစ်ခုလုံးကပင်လျှင် တန်ဘိုးမရှိခြင်း။ မည်သည့်အကြောင်း အရာမှ ထုတ်ဖော်နိုင်စွမ်း မရှိခြင်း။



(၂) အသင်ကြည့်ရှု ရှာဖွေနေခြင်းသည် အရုပ်ကား ပြောလိုသော အဓိပ္ပာယ်နှင့် မကိုက်ညီခြင်း။



(၃) အသင်ကြည့်ရှုနေသောအချိန်အတွင်း အရုပ်ကား ပြောလိုသော အကြောင်းအရာများ၏ အတွေးအခေါ်များကို ပိတ်ဆို့ထားစေသော အသင်၏ စိတ်နေစိတ်ထား။

www.burmeseclassic.com



(၄) အရုပ်ကားကို ရေးဆွဲထားသော ပန်းချီဆရာ၏ စိတ္တဗေဒ အယူအဆသည် အသင်၏စိတ်နေစိတ်ထား အယူအဆ များနှင့် များစွာ ကွာခြားနေခြင်း။



(၅) အရုပ်ကားရှိ လက်ရာများနှင့် "မူ" များသည် အသင်အစွဲအမြဲကြိုက်ထားသောမူများနှင့် မတူ၍သော်လည်းကောင်း၊ အခြားအကြောင်းအရာများကိုပင် သင်လုံးဝ မနှစ်ခြိုက်၍လည်းကောင်း၊ ချက်ချင်းပြစ်ပယ်ပြီး ရှေ့သို့တိုး၍ အကောင်းအဆိုး မရှေးရှု လိုခြင်း။

## **နိဂုံး**

ဤစာစောင်မှာ ဘာသာပြန်သက်သက် မဟုတ်ပါ။ နောက်ဆုံးပေါ်ပင်ဖြစ်သော ပန်းချီကို ကိုယ်တွေ့များနှင့် ပေါင်းစပ်၍ ကျွန်ုပ်တို့လူမျိုး လက်ခံနားလည်လွယ်သော အသုံးအနှုန်းများဖြင့် မှီငြမ်းထားခြင်း ဖြစ်ပါသည်။

ယနေ့ပန်းချီမှာ ဘယ်လိုရေးရသည်ဆိုသော နည်းဥပဒေများကို ပြည်ဖုံးချ၍ ဘယ်လိုစဉ်းစားကြသည်။ အဘယ်ပုံဖန်တီးကြသည်ဆိုသော တည်ထွင်စိတ်ကူးခြင်း CREATIVE သဘောကိုသာ အလေးမူကြသည်။ ဤစာစောင်၏ ရည်ရွယ်ချက်မှာလည်း စိတ်ကူးသဘောကိုသာ နေရာတကာ ရှင်းလင်းပြထားပါ၏။ အထူးသဖြင့် "ဉာဏ်" စွမ်းနယ်ကျယ်ပြန့်ပုံများကို တတ်နိုင်သရွေ့ ရုပ်ပုံများနှင့် ဖော်ပြအပ်ပါသည်။

မြန်မာပန်းချီကို ကျောခိုင်း၍ နိုင်ငံခြားပန်းချီကိုသာ ရေးကြီးခွင်ကျယ် ပြုစုရသလောဟု အပြစ်ဖို့ပါလျှင် တကော်တက်စင် လွဲချိမ့်မည်။ အခွင့်အခါရလျှင် မြန်မာ့ပန်းချီကို တတ်အားသရွေ့ တင်ပြလိုပါသည်။ စင်စစ်မှာ ဂျပန်ပြည်တိုးတက်ပုံကို အားကျမိသည်။ ဂျပန်လူမျိုးတို့ အနောက်ဘက်လှည့်ပုံကို သဘောပေါက်စေလိုပါသည်။

အချိန်ကာလအလျောက် တဟုန်ထိုး ပြောင်းလဲတိုးတက်နေသော ပန်းချီအခြင်းအရာတရပ်ကိုသာ တင်ပြခြင်းဖြစ်ပါကြောင်း။

(ခင်မောင်)
ဘဏ်မန်နေဂျာ။
ဩဂုတ်လ ၁ ရက် ၁၉၆၀ခုနှစ်။